

EAST-WEST SEED FOUNDATION
KNOWLEDGE TRANSFER

# သီးနှံစိုက်ပျိုးမှုလမ်းညွှန်


# သင်္ဘော



MYANMAR


## ● မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း


» ရေဝပ်ခြင်း (သို့) ရေမြုပ်ခြင်းကိုကာကွယ်ရန် ရေစီးရေလာကောင်းမွန်အောင် ပြုလုပ်ပေးပါ။
» ပေါင်းမြက်များရှင်သန်ကြီးထွားမှုလျှော့ချ ရန်နှင့် အစိုဓာတ်ကိုထိန်းသိမ်းရန် ပလပ်စတစ် (သို့) သဘာဝ ဖြစ်သော ကောက်ရိုး အစရှိသည့် ပစ္စည်းများကို လည်းဖုံးအုပ်စိုက်ပျိုးနိုင်ပါသည်။
» တစ်ဧကအပင်ဦးရေ ၄၅၀ - ၅၄၀ (အသုံးပြုသောမျိုးပေါ်မူတည်၍ အပင်အရေအတွက်ကို ချိန်ညှိလုပ်ဆောင်ပါ)



# ● မျိုးညှောက်ဖောက်ခြင်းနှင့် ပျိုးပင်များ ထုတ်လုပ်ခြင်း

◆ ပျိုးမြေပြင်ဆင်ခြင်း-ပျိုးမြေများကို (၁၀)မိနစ်ခန့် အပူပေးခြင်း (သို့) ပလပ်စတစ်အိတ် အနက်ထဲသို့ထည့်ကာ နေရောင်အောက်တွင် နေ့ဝက်ခန့် ထားပေးရမည်။ ခေတ္တအအေးခံ၍ ပျိုးဘန်းထဲသို့ထည့်ပါ။




နည်းလမ်း (၁) -

» ရေ ၁ လီတာထဲသို့ ပိုတက်စီယမ်နိုက်ထရိတ်ဟင်းစားဇွန်း ၁၀ ဇွန်းထည့်ဖျော်ပြီး ထိုဖျော်ရည်ထဲသို့ မျိုးစေ့များ နာရီဝက် ခန့်စိမ်၍ ချက်ခြင်းစိုက်ပျိုးပါ။

နည်းလမ်း (၂)

» မျိုးစေ့များကို ရေထဲတွင် ၃-၅ ရက်ခန့်စိမ်ပြီးရေကို နေ့စဉ် လှယ်ပေးပါ။

◆ မျိုးစေ့ စိုက်ပျိုးခြင်းနှင့် ပျိုးပင်များအား ဘေးအန္တရာယ်များမှ ကာကွယ်ခြင်း




မျိုးစေ့ စိုက်မည့်အနက်=မျိုးစေ့ နှစ်စေ့၏ အရွယ်အစား



» ပျိုးသက် ၁၄ ရက်သားတွင် ပလပ်စတစ်အိတ်ထဲသို့ ပြောင်းထည့်ပါ။


» ရွှေ့မစိုက်ခင် ကယ်စီယမ်နိုက်ထရိတ် (သို့) ၁၅ ပတ်လည် ၄ ဇွန်းကို ရေ ၄ ဂါလံတွင်စိမ်ပြီး နောက်ထပ် ၇ ရက်အကြာ တွင် ၁ ကြိမ် စိမ်ပါ။





» ပျိုးဘန်းပြင်စဉ် မြေကြီးကိုဖိသိပ်ပေးပါ။

» ပျိုးသက် ၁၄ ရက်တွင် တစ်ပင်နှင့်တစ်ပင် ၄ လက်မ ပတ်လည်ခြား၍ ထားပေးပါ။

◆ အစိုဓာတ်ကိုနေ့စဉ်လုံလောက်စွာ ထားရမည်။ ပျိုးသက် ၄၅ ရက်သားတွင် ရွှေ့ပြောင်းစိုက်နိုင်သည်။




မနက်ခင်း ညနေခင်း




၄၅ ရက်

◆ ရွှေ့မစိုက်မီ ၅-၇ ရက်အလိုတွင် ပျိုးပင်လေးများ အကြမ်းခံလာစေရန် ရေဖြတ်ပေးခြင်း၊ နေရောင်နှင့် ပိုမိုထိတွေ့ပေးခြင်းများ ပြုလုပ်ပေးသင့်ပြီး မွန်းလွဲပိုင်းတွင် ပျိုးပင်များကို ရွှေ့ပြောင်းစိုက်ပါ။




မွန်းလွဲပိုင်း၌ ရွှေ့စိုက်ပြီးနောက် ရေလောင်းပေးပါ။


## ● မြေသြဇာ အသုံးပြုခြင်း




မြေသြဇာပမာဏသည် သီးနှံပင်၏သင့်တော်သောအာဟာရလိုအပ်မှုနှင့် တစ်ဧက အပင်ဦးရေ ၄၅၀-၅၄၀ ပင် ပေါ်တွင် အခြေခံထားသည်။
မြေသြဇာကျွေးရာတွင် သီးနှံပင်ကြီးထွား မှုအဆင့်၊ မြေဆီလွှာအခြေအနေနှင့် ရာသီဥတုပေါ်မူတည်၍ ချိန်ညှိဆောင်ရွက်ပါ။

## ● ရိတ်သိမ်း ခူးဆွတ်ခြင်းနှင့် ရိတ်သိမ်းလွန်ကာလ လုပ်ဆောင်ခြင်း






ရွှေ့စိုက်ပြီး ၆-၇ လတွင် အသီးများကို ခူးဆွတ်နိုင်သည်။



မနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ခူးဆွတ်ပါ။



အသီးများကို အဖိခံနိုင်သော ပုံးထဲသို့ထည့်ပါ။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း



» သီးထိုးယင်ကိုနှိမ်နင်းရန် ဟော်မုန်းထောင်ချောက်(သို့) ပင်စိမ်းရွက် စစ်ထုတ်ရည်ထောင်ချောက်နှင့် အချိုရည်ထောင်ချောက်များကို အသုံးပြုပါ။
» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။
» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။ (သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)



## ကျရောက်နိုင်သော ပိုးမွှားများ


ယင်ဖြူ


ပျ


ပိုးစေးနဲ့


မွှားပင့်ကူနီ


သီးထိုးယင်

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | ယင်ဖြူ | ပျ | ပိုးစေးနဲ့ | မွှားပင့်ကူနီ | သီးထိုးယင် |
|---|---|---|---|---|---|---|---|
| လမ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ | ✔ | ✔ | |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | ✔ | ✔ | | ✔ |
| စပိုင်နိုစက် (Spinosad) | 5 | S | | | ✔ | | ✔ |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | | ✔ | | ✔ |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | | | | ✔ | |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | ✔ | | | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | | | | |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | | | | ✔ |
| ဘက်စီးလပ် သူရင်ဂျီအန်းစစ် (Bacillus thuringiensis) | 11A | C | | | | | |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | ✔ | ✔ | ✔ | ✔ | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ



ခါးရိ ရောဂါ



ကိုင်းဖျားခြောက် ရောဂါ


ဗိုင်းရပ်စ်ရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | မှတ်ချက် | ခါးရိ ရောဂါ | ကိုင်းဖျားခြောက်ရောဂါ | ဗိုင်းရပ်စ်ရောဂါ |
|---|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | ဘက်တီးရီးယားရောဂါများအတွက် - လိုအပ်မှသာလျှင်အသုံးပြုပါ။ ခံနိုင်ရည်ရှိမှုအန္တရာယ်များကိုရှောင်ရှား နိုင်ရန် သတ်မှတ်ထားသောနှုန်းထားအတိုင်း အသုံးပြုပါ။ ပိုမသုံးပါနှင့်။ | ✔ | ✔ | ပျကဲ့သို့သော ရောဂါ သယ်ဆောင်သည့် ပိုးမွှားများကို ကောင်းမွန်စွာစီမံခန့်ခွဲပါ။ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ✔ | | |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | ✔ | | |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | ✔ | | |
| ပရိုပါမိုကပ် (Propamocarb) | 28 | P + C | | ✔ | | |
| ဆိုင်မိုဇာနေးလ် (Cymoxanil) | 27 | C | ကာကွယ်ဆေးနှင့်ရောဖျန်းနိုင်သည်။ (ကလိုရိုသာရိုနေးလ် (သို့) မန်ကိုဇပ်) | ✔ | | |
| မက်တယ်လာဇီး (Metalaxyl) | 4 | P + C | ခံနိုင်ရည်ရှိမှုအန္တရာယ်လျှော့နည်းစေရန် သီးနှံသက်တမ်းတလျှောက် အများဆုံး ၂ ကြိမ်သာ အသုံးပြုသင့်သည်။ | ✔ | | |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | ✔ | | |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

1

အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

2

ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

3

ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

4

ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

https://growhow.eastwestseed.com

*East West Seed Foundation* ၏ ၂၀၂၁ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးဓာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN UNIVERSITY & RESEARCH